# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ

## (၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။)

# မွန်ပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၂ |
| ၂။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၂ - ၃ |
| ၃။ | အခန်း(၃) | |
| | လုပ်ငန်းမှတ်ပုံတင်ခြင်း | ၃ - ၃ |
| ၄။ | အခန်း(၄) | |
| | လုပ်ငန်းရှင်၏ တာဝန်နှင့်အခွင့်အရေးများ | ၄ - ၅ |
| ၅။ | အခန်း(၅) | |
| | ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ - ၆ |
| ၆။ | အခန်း(၆) | |
| | ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၆ - ၇ |
| ၇။ | အခန်း(၇) | |
| | လုပ်ငန်းမှတ်ပုံတင်ပျက်ပြယ်ခြင်း | ၇ - ၇ |
| ၈။ | အခန်း(၈) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံဝင်ခြင်း | ၇ - ၈ |
| ၉။ | အခန်း(၉) | |
| | တားမြစ်ချက်များ | ၈ - ၈ |
| ၁၀။ | အခန်း(၁၀) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၈ - ၈ |
| ၁၁။ | အခန်း(၁၁) | |
| | အထွေထွေ | ၉ - ၉ |

# မွန်ပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ

## (၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂ ။ )

## ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

## (၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သော ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတာဝန်ခံဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို တာဝန်ယူရသော ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်၊

(ဆ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း** ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သော၊ ပြုပြင်မွမ်းမံသော၊ မြင်းကောင်ရေ ၅ ကောင်အားအောက် အသုံးပြု၍အလုပ်သမား ၉ ဦးထက်မပိုသော၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့်အလုပ်သမား အရေအတွက် ကန့်သတ်ခြင်းမရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုသည်၊

(ဇ) **အား** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပေါ်စေသည့်အား သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြစ်ပေါ်စေသည့် အားကို ဆိုသည်၊

(ဈ) **လုပ်ငန်းရှင်** ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏ အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့် အဖွဲ့အစည်းတို့လည်းပါဝင်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊

(ခ) မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊

(ဂ) ဒေသထွက်သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းထုတ်လုပ်နိုင်ရန်၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းကြီးကြပ်နိုင်ရန်၊

(င) လုပ်ငန်းရှင်များအား လိုအပ်သော နည်းပညာနှင့်အခြားအကူအညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်ရန်၊

(စ) ဘေးဥပဒ်ကင်းရှင်းပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ သုံးစွဲခွင့်ရရှိရန်၊

(ဆ) ဘေးထွက်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်း ကုန်ကြမ်းများကို အသုံးပြု၍ စက်မှုလက်မှုကုန်ချောများ ထုတ်လုပ်နိုင်ရန်၊

(ဇ) ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊

(ဈ) ပြည်တွင်းပြည်ပဈေးကွက်များတွင် အဆင့်အတန်းမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန်။

## အခန်း(၃)
## လုပ်ငန်းမှတ်ပုံတင်ခြင်း

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရမည်။

၅။ ဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာခြင်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင်စည်းကမ်းချက်များဖော်ပြပါရှိသည့် လုပ်ငန်းမှတ်ပုံတင်ကို ရက်(၃၀)အတွင်း ထုတ်ပေးရမည်။

၆။ ဦးစီးဌာနသည် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရာတွင်ဖြစ်စေ၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရာတွင်ဖြစ်စေ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက အကျိုးအကြောင်းဖော်ပြ၍ လျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည်။

၇။ လုပ်ငန်းမှတ်ပုံတင်၏ သက်တမ်းကာလကို (၂)နှစ် သတ်မှတ်ရမည်။ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကာလကို (၂)နှစ် သတ်မှတ်ရမည်။

၈။ လုပ်ငန်းရှင်သည် လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးရန် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းမှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၉၀)ကြိုတင်၍ ဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရမည်။

၉။ ဦးစီးဌာနသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏ လုပ်ငန်းမှတ်ပုံတင်ကြေး၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေးကို အောက်ပါအတိုင်း သတ်မှတ်ကောက်ခံရမည် -

(က) လုပ်ငန်းမှတ်ပုံတင်ကြေး ၁၀၀၀၀ိ/-

(ခ) လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေး ၅၀၀၀ိ/-

၁၀။ ဦးစီးဌာနသည် သတ်မှတ်ပေးထားသည့် ကာလအတွင်း လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်သူလုပ်ငန်းရှင်အား လုပ်ငန်းမှတ်ပုံတင်ကြေးငွေ၏ (၃)ဆအား ဒဏ်ကြေးငွေအဖြစ်ပေးသွင်းစေပြီး လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးပေးနိုင်သည်။

## အခန်း(၄)

## လုပ်ငန်းရှင်၏ တာဝန်နှင့်အခွင့်အရေးများ

၁၁။ လုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေအရ သတ်မှတ်သည့် လုပ်ငန်းမှတ်ပုံတင်ကြေး၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးကြေး၊ ဒဏ်ကြေးများကို ပေးသွင်းရမည်၊

(ခ) ဦးစီးဌာန၏ လုပ်ငန်းပိုင်းဆိုင်ရာ ကြီးကြပ်ခြင်းကို ခံယူရမည်၊

(ဂ) မိမိထုတ်ကုန်ပစ္စည်းများကို မှတ်ပုံတင်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ရမည်၊

(ဃ) လုပ်ငန်းတည်နေရာ ပြောင်းလဲလျှင် ဦးစီးဌာနသို့ တင်ပြရမည်၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများ အနည်းဆုံးဖြစ်အောင် စီမံထားရမည်၊

(စ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာစည်းကမ်းထိန်းသိမ်းရေး ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၂။ လုပ်ငန်းရှင်၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပမှ ကူညီပံ့ပိုးသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် ထောက်ပံ့မှုများကို ခံစားခွင့်ရှိခြင်း၊

(ခ) မိမိထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တည်ဆဲဥပဒေများနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိခြင်း၊

(ဂ) လိုအပ်သောစက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူတင်သွင်းခြင်းကို ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးသို့ တင်ပြနိုင်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာများကို လေ့လာခြင်း၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်ခွင့်ရှိခြင်း၊

(င) ဝန်ကြီးဌာန၏ ကူညီစီစဉ်ပေးမှုဖြင့် ပြည်ပမှကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူနိုင်ခြင်း၊

(စ) ချေးငွေများ၊ အထောက်အပံ့များနှင့် နည်းပညာများ ရယူခွင့်ရှိခြင်း၊

(ဆ) အစိုးရဌာနနှင့်အဖွဲ့အစည်းများက အခါအားလျော်စွာ ချမှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း၊

(ဇ) မိမိထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အငြင်းပွားမှုများကို ဦးစီးဌာနသို့ တင်ပြခွင့်ရှိခြင်း၊

(ည) အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှောက်ထားခွင့်ရှိခြင်း၊

(ဋ) လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းရှင် အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့် ရှိခြင်း။

## အခန်း(၅)

## ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များအောင်မြင်စေရန်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းပြည်ပမှ ကူညီသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာနည်းပညာ၊ ငွေကြေးအရင်းအနှီးများနှင့်အခြားသော အထောက်အပံ့များရရှိရန် ကူညီခြင်း၊

(ဂ) နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲ၊ ပြပွဲပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရန်ဆောင်ရွက်ခြင်း၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရှင်က အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှောက်ထားလာလျှင် ဝန်ကြီးထံ စိစစ်တင်ပြခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးနှင့် စံချိန်စံညွှန်းကိုက်ညီစေရေး ကြီးကြပ်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း အစုအဖွဲ့များ၊ အသင်းအဖွဲ့များကို ကူညီခြင်းနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊

(ဇ) ဦးစီးဌာနသို့တင်ပြလာသော လုပ်ငန်းရှင်များအကြား လုပ်ငန်းပိုင်းဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းပေးခြင်း၊ လိုအပ်ပါက ဝန်ကြီးထံ စိစစ်တင်ပြခြင်း၊

(ဈ) အောင်မြင်စွာဆောင်ရွက်နိုင်သော လုပ်ငန်းရှင်များနှင့် စံချိန်စံညွှန်းအရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ၏ စာရင်းကို အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ည) အစိုးရအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက် ရယူရန်လိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးမှတစ်ဆင့် တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဋ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ရရှိရေးအတွက် ကူညီခြင်း။

၁၄။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၂ ပါ လုပ်ငန်းရှင်၏အခွင့်အရေးများရရှိနိုင်ရန် ကူညီပေးရမည်။

၁၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် လုပ်ငန်းရှင်မှ ချေးငွေရရှိရေးတင်ပြချက်ကို ဝန်ကြီးထံ စိစစ်တင်ပြရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများစာရင်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၇။ ပြည်နယ်ဦးစီးဌာနမှူးသည် သဘာဝဘေးအန္တရာယ်ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ပျက်စီးဆုံးရှုံးမှုကိစ္စရပ်များတွင် လုပ်ငန်းရှင်များ အခွန်သက်သာခွင့်နှင့် ထောက်ပံ့ကူညီမှုများ ရရှိစေရန် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ပြည်နယ်ဦးစီးဌာနမှူးသည် မိမိ၏လုပ်ပိုင်ခွင့်ကို ဦးစီးဌာန၊ အရာထမ်းတစ်ဦးဦးအား လွှဲအပ်နိုင်သည်။

၁၉။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန်လိုအပ်ပါက ဝန်ကြီးထံတင်ပြရမည်။

## အခန်း(၆)
## ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ ဝန်ကြီးသည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် လုပ်ငန်းအစီအစဉ်များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ရမည်၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာ အကူအညီရရှိရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်၊

(ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သောကူညီထောက်ပံ့မှုများ ရရှိနိုင်ရန် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအဆင့်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်၊

(င) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက် ရရှိရေးအတွက် နည်းလမ်းရှာ ကူညီဆောင်ရွက်ပေးရမည်၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပျက်စီးဆုံးရှုံးမှုများတွင် လုပ်ငန်းရှင်များ အခွန် သက်သာခွင့်နှင့် ကူညီထောက်ပံ့မှုများရရှိစေရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးရမည်။

၂၁။ ဝန်ကြီးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င)အရ လျှောက်ထားတင်ပြလာခြင်းကို မိမိသဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးရမည်။

၂၂။ ဝန်ကြီးသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ)အရ တင်ပြလာသော အငြင်းပွားမှုများကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပေးရမည်။

## အခန်း(၇)

## လုပ်ငန်းမှတ်ပုံတင်ပျက်ပြယ်ခြင်း

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် ပျက်ပြယ်သည် -

(က) လုပ်ငန်းမှတ်ပုံတင်သက်တမ်း ကုန်ဆုံးခြင်း၊ လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမှု မရှိခြင်း၊

(ခ) လုပ်ငန်းရှင်မှ ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းမှတ်ပုံတင် ပယ်ဖျက်ခံရခြင်း၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း ပယ်ဖျက်ခံရခြင်း၊

(ဃ) ထုတ်ကုန်ပစ္စည်းများ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း။

## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံဝင်ခြင်း

၂၄။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၁ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သော လုပ်ငန်းရှင်အား အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)ထက် မပိုသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းမှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

၂၅။ ကာလအကန့်အသတ်ဖြင့် လုပ်ငန်းမှတ်ပုံတင် ရပ်ဆိုင်းခံရသူသည် ကန့်သတ်သည့် ကာလကုန်ဆုံးသောအခါ လုပ်ငန်းမှတ်ပုံတင် ပြန်လည်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၆။ ပုဒ်မ ၂၄ အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၂၇။ ဝန်ကြီးသည် ပုဒ်မ ၂၆ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၈။ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၇ အရ ဝန်ကြီးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၉။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၈ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၀။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၉)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ လုပ်ငန်းမှတ်ပုံတင်မရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၂။ ဤဥပဒေအရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ၎င်းအပေါ် ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို လိုက်နာရန် ပျက်ကွက်မှု မရှိစေရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း)အထိ ချမှတ်နိုင်သည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိ ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၃ သို့မဟုတ် ပုဒ်မ ၃၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း ပြုသည့်နေ့ အသီးသီးအတွက် ထိုသူအား တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်) ချမှတ်ရမည်။

## အခန်း(၁၁)

## အထွေထွေ

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့